


**ဉက္ကဋ္ဌသောမက်စ်အက်(စ်)မွန်ဆွန်မှ**

# ကျွန်တော်တို့အားလမ်းညွှန်ပေးရန်ပုရောဖက်များ

လွန်ခဲ့တဲ့နှစ်အနည်းငယ်က ပထမဉက္ကဋ္ဌအဖွဲ့နှင့်တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင်တို့ တစ်ပတ်တစ်ကြိမ်တွေ့ဆုံနေကျ ဆော့တ်လိတ်ဗိမာန်တော်ရဲ့အခန်းမှာ ကျွန်တော်ထိုင်နေခဲ့တယ်။ ပထမဉက္ကဋ္ဌအဖွဲ့ မျက်နှာမူနေသည့်နံရံကိုကျွန်တော် ငေးကြည့်ခဲ့ပြီး အဲ့ဒီမှာ အသင်းတော်ဉက္ကဋ္ဌ တစ်ယောက်စီတိုင်း၏ ပုံတူပန်းချီများကို ကျွန်တော်ငေးမောကြည့်နေခဲ့တယ်။

ပုရောဖက်ဂျိုးဇက်စမစ် (၁၈၀၅-၄၄) မှ ဉက္ကဋ္ဌဂေါ်ဒန် ဘီ ဟင်ကလင် (၁၉၁၀-၂၀၀၈) အထိ ကျွန်တော့်ရဲ့ဘိုးဘေးများဖြစ်တဲ့သူများကို ကျွန်တော်ငေးကြည့်တဲ့အခါ "တစ်ဦးချင်းစီရဲ့ လမ်းညွှန်ချက်အတွက်ကျွန်တော်ကျေးဇူးတင်လိုက်တာ။" လို့ကျွန်တော်တွေးခဲ့တယ်။

ဤသူတို့သည် ဘယ်တော့မှမယိုင်လဲ၊ မတုံ့ဆိုင်း၊ မကျရှုံးတဲ့ကြီးမြတ်သူများဖြစ်ကြတယ်။ ဤသူတို့သည် ဘုရားသခင်၏လူများဖြစ်ကြတယ်။ ကျွန်တော်သိကျွမ်းပြီးချစ်ရတဲ့ ယနေ့ခေတ်ပုရောဖက်များအကြောင်း စဉ်းစားတဲ့အခါ သူတို့ရဲ့ဉာဏ်၊ သူတို့ရဲ့စိတ်သဘောထားနှင့် သူတို့ရဲ့ စိတ်တက်ကြွစေတဲ့ သင်ကြားချက်များကို ပြန်လည်တွေးတောမိတယ်။

ကျွန်တော်မွေးဖွားစဉ်က ဉက္ကဋ္ဌဟီဘာ ဂျေ ဂရန့် (၁၈၅၆-၁၉၄၅)ဟာ အသင်းတော်ရဲ့ဉက္ကဋ္ဌဖြစ်ခဲ့တယ်။ သူ့ရဲ့ဉာဏ်နှင့်သင်ကြားချက်များကို ကျွန်တော်ချင့်ချိန်စဉ်းစားတဲ့အခါ ထိုဉက္ကဋ္ဌ ဂရန့်ဟာ မြင့်မြတ်ပြီးကောင်းမွန်သောအရာများမှာမဆုတ်မနစ် ကြိုးပမ်းမှုကြောင့် မဆုတ်မနစ်ကြိုးပမ်းတဲ့နေရာမှာ အမြဲဉပမာကောင်း တစ်ယောက်ဖြစ်တယ်။

ဆော့လိတ် မြို့မှာ ကျွန်တော့်ခရိုင်ရဲ့သင်းအုပ်အဖြစ်ကျွန်တော်တာဝန်ထမ်းဆောင်နေတဲ့ အချိန်မှာ ဉက္ကဋ္ဌ ဂျော့ အယ်လ်ဘာ့ စမစ် (၁၈၇၀-၁၉၅၁)ဟာ အသင်းတော်ရဲ့ဉက္ကဋ္ဌဖြစ်ခဲ့တယ်။ ဘုရားသခင်နှင့် ရန်သူကြားမှာ ပြင်းထန်တဲ့ယှဉ်ပြိုင်ပွဲကြီး ဖြစ်နေတယ်လို့ သူသတိပြုမိတယ်။

"သင်ဟာဘုရားသခင်ရဲ့စည်းဘက်မှာနေရင် သင်ဟာသူ့ရဲ့လွှမ်းမိုးမှုအောက်မှာရှိပြီး အမှားကိုလုပ်ဖို့ဆန္ဒရှိမှာမဟုတ်ဘူး။"၁ လို့ သင်ကြားပေးခဲ့တယ်။

၁၉၆၁ခုနှစ်မှာ ဉက္ကဋ္ဌ ဒေးဗစ် အို မက်ကေး (၁၈၇၃-၁၉၇၀)က တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင်အဖြစ် ထမ်းဆောင်ရန် ကျွန်တော့်ကို ခေါ်ဆိုတယ်။ သူ့ရဲ့အသက်တာကိုအသက်ရှင်ခဲ့တဲ့နည်းလမ်းအားဖြင့် အခြားသူများအတွက် စဉ်းစားပေးဖို့သူသင်ကြားခဲ့တယ်။ "စစ်မှန်သောခရစ်ယာန်ဘာသာဟာ အပြုအမူဖြင့် ချစ်ခြင်းဖြစ်တယ်။"၂ လို့သူကပြောခဲ့တယ်။

အသင်းတော်ရဲ့အများဆုံးစာတန်းပြုစုသူများထဲက တစ်ယောက်ဖြစ်တဲ့ ဉက္ကဋ္ဌဂျိုးဇက် ဖီးလ်ဒင်း စမစ် (၁၈၇၆-၁၉၇၂) ဖြစ်သူ ဧဝံဂေလိတရား ပညာတတ်တစ်ယောက်ရဲ့အသက်တာမှာ လမ်းညွှန်ပေးတဲ့ဉပဒေသကဲ့သို့ရှိခဲ့တယ်။ သူဟာကျမ်းစာများကို မပြတ်တမ်းဖတ်ရှုပြီး ကျွန်တော်သိဖူးသမျှထဲမှာ သင်ကြားချက်များနှင့် ဒေသနာတော်များနှင့်ကျွမ်းဝင်သူဖြစ်တယ်။

ကျွန်တော်ငယ်စဉ်က ဉက္ကဋ္ဌ ဟဲရော့ ဘီ လီ (၁၈၉၉-၁၉၇၃)ဟာ မြို့နယ်ဉက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။ ကျွန်တော်အနှစ်သက်ဆုံး သူ့ရဲ့အဆိုကတော့ "သန့်ရှင်းသော နေရာများတွင်သင်တို့ရပ်ကာ မရွေ့ပါနှင့်။"၃ သန့်ရှင်းသောဝိညာဉ်တော်၏တိုးညှင်းစွာပြောဆိုမှုများကို ညီယူကာ တုံ့ပြန်ဖို့ သူတော်စင်များကိုသူတိုက်တွန်းခဲ့တယ်။

ဉက္ကဋ္ဌစပင်ဆာ ဒဗလျူ ကင်ဘောလ် (၁၈၉၅-၁၉၈၅) ၏အသက်တာမှာ လမ်းညွှန်ပေးတဲ့ဉပဒေသက ရည်စူးအပ်နှံခြင်းဖြစ်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ သူဟာဘုရားသခင်ကိုအပြည့်အဝ၊ ပြတ်ပြတ်သားသား ဆက်ကပ်အပ်နှံခဲ့တယ်။ သူဟာဧဝံဂေလိတရားအတိုင်းအသက်ရှင်ဖို့လည်း ဆက်ကပ်အပ်နှံခဲ့တယ်။

ဥက္ကဋ္ဌအီဇရာ တပ် ဘင်ဆင် (၁၈၉၉-၁၉၉၄)ဟာ
အသင်းတော်ရဲ့ဥက္ကဋ္ဌဖြစ်လာချိန်မှာ
ပထမဥက္ကဋ္ဌအဖွဲ့မှာသူ့ရဲ့ဒုတိယအတိုင်ပင်ခံအဖြစ်ထမ်းဆောင်
ရန်ကျွန်တော့်ကို ခေါ်ခဲ့တယ်။
မေတ္တာသည်သူ့ရဲ့လမ်းညွှန်ပေးတဲ့ဥပဒေသဖြစ်တယ်။
ကယ်တင်ရှင်ပြောခဲ့တဲ့ "သင်တို့သည်
အဘယ်သို့သောသူဖြစ်အပ်ကြသနည်း။ ငါအမှန်ဆိုသည်ကား၊
ငါ့နည်းတူဖြစ်ကြလော့။"၄ ဆိုတဲ့ သူ့ရဲ့အနှစ်သက်ဆုံးအဆိုမှာ
ထိုအရာပါဝင်တယ်။

ဥက္ကဋ္ဌဟားဝဲ့ဒ် ဒဗလျူ ဟန်တာ (၁၉၀၇-၉၅)ဟာ
တစ်ပါးသူထံမှာအကောင်းဆုံးအရာကို အမြဲရှာဖွေသူဖြစ်တယ်။
သူဟာအမြဲယဉ်ကျေးပျူငှာတယ်။ သူဟာအမြဲနှိမ့်ချတယ်။
သူ့ရဲ့ဒုတိယအတိုင်ပင်ခံအဖြစ်ထမ်းဆောင်ရတာ
ကျွန်တော့်အတွက်အခွင့်ထူးဖြစ်တယ်။

ဥက္ကဋ္ဌဂေါ်ဒန် ဘီ ဟင်ကလင်က
ကျွန်တော်တို့ရဲ့အကောင်းဆုံးကိုလုပ်ဆောင်ဖို့ ကျွန်တော်တို့ကို
သွန်သင်ခဲ့တယ်။ ကယ်တင်ရှင်နှင့်သူ့ရဲ့သာသနာတော်ရဲ့
စွမ်းအားကြီးသောသက်သေခံကိုခဲ့တယ်။
မေတ္တာဖြင့်ကျွန်တော်တို့ကိုသွန်သင်ခဲ့တယ်။
သူ့ရဲ့ပထမအတိုင်ပင်ခံအဖြစ်ထမ်းဆောင်ရတာ
ကျွန်တော့်အတွက်ကောင်းကြီးနှင့် ဂုဏ်ယူစရာတစ်ခုဖြစ်တယ်။

ကယ်တင်ရှင်ဟာ ကျွန်တော်တို့ကိုချစ်သောကြောင့်
ပုရောဖက်များကိုစေလွှတ်တယ်။ ဤအောက်တိုဘာလ
အထွေထွေညီလာခံမှာ အသင်းတော်၏အထွေထွေ
အာဏာပိုင်များက သူ့ရဲ့စကားများကိုဝေမျှတဲ့
အခွင့်ထူးနောက်တစ်ဖန်ရှိမှာဖြစ်တယ်။
ကျွန်တော်တို့ဒီတာဝန်ကို
ကြီးမြတ်သောတည်ကြည်လေးနက်ခြင်းနှင့် နှိမ့်ချခြင်းဖြင့်
ထမ်းဆောင်ကြပါတယ်။

ယေရှုခရစ်တော်၏
ပြန်လည်တည်ထောင်ထားသောအသင်းတော်ဟာ
ကမ္ဘာပေါ်မှာရှိပြီး ထိုအသင်းတော်ကို
ကယ်တင်ခြင်းကျောက်ပေါ်မှာ တည်ထောင်ထားတဲ့အတွက်
ကျွန်တော်တို့ကောင်းကြီးခံစားရတယ်။
စဉ်ဆက်မပြတ်သောဗျာဒိတ်ရူပါရုံသည် ယေရှုခရစ်တော်၏
ဧဝံဂေလိတရားရဲ့အသက်သွေးကြောပဲဖြစ်တယ်။

အထွေထွေညီလာခံမှ
ကြွယ်ဝစွာလာသောကိုယ်ပိုင်ဗျာဒိတ်တော်ရရှိရန် ကျွန်တော်တို့
ပြင်ဆင်ကြပါစို့။
ကျွန်တော်တို့အသက်ရှင်သောပုရောဖက်များနှင့်
တမန်တော်များကို ထောက်ပံ့ဖို့
ကျွန်တော်တို့ရဲ့လက်များကိုမြှောက်တဲ့အခါ ကျွန်တော်တို့ရဲ့
နှလုံးသားများမှာခိုင်မာတဲ့ဆုံးဖြတ်ချက် ပြည့်နေပါစေ။
သူတို့ရဲ့သတင်းကောင်းများကို နားထောင်တဲ့အခါ
ကျွန်တော်တို့ကိုအသိဉာဏ် ပွင့်လင်းစေ၊
စိတ်ဓာတ်မြှင့်တင်စေ၊ နှစ်သိမ့်စေပြီး ခိုင်ခန့်ပါစေ။
သူ၏အလိုတော်ကိုလိုက်ပြီး သူ၏ပညတ်တော်များကို
စောင့်ထိန်းရာတွင် အသစ်တဖန်ခိုင်မာသောဆုံးဖြတ်ချက်ဖြင့်
အသက်ရှင်ရန်နှင့်
သခင်ယေရှုခရစ်တော်၏ဧဝံဂေလိတရားတော်နှင့်
သူ၏အမှုတော်၌ကိုယ်ကိုအပ်နှံရန် ပြင်ဆင်ကြပါစို့။

**မှတ်ချက်များ**

၁။ *အသင်းတော်ဥက္ကဋ္ဌများ၏သွန်သင်မှုများ၊ ဂျော့ အယ်လ်ဘာ စမစ်သ်* (၂၀၁၁)၊ ၁၉၁။
၂။ *အသင်းတော်ဥက္ကဋ္ဌများ၏သွန်သင်မှုများ၊ ဒေးဗစ် အို မက်ခေး* (၂၀၀၃)၊ ၁၈၁။
၃။ ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၈၇း၈
၄။ ၃ နီဖိုင်း ၂၇း၂၇

---

**ဤသတင်းကောင်းမှသွန်သင်ချက်**

ဥက္ကဋ္ဌမွန်ဆွန်ကသူ၏ရှေ့ကပုရောဖက်များမှသူသင်ယူခဲ့ရသော
တန်ခိုးကြီးတဲ့သင်ခန်းစာများကို ဝေမျှတယ်။
"ကယ်တင်ရှင်ဟာကျွန်တော်တို့ကို ချစ်သောကြောင့်
ပုရောဖက်များကိုစေလွှတ်တယ်။"
လို့လည်းကျွန်တော်တို့ကိုသတိပေးတယ်။သင်
သင်ကြားတဲ့သူများကိုကြည့်ရှုတဲ့အခါ ပုရောဖက်များနှင့်
တမန်တော်များဟာ ကျွန်တော်တို့အတွက်
ဘုရားသခင်၏မေတ္တာသင်္ကေတဖြစ်တယ်ဆိုတာကို
ဆွေးနွေးနိုင်တယ်။
ဥက္ကဋ္ဌမွန်ဆွန်၏ပြီးခဲ့သောအထွေထွေညီလာခံ မိန့်ခွန်းများထဲမှ
တစ်ခုရဲ့အကြံပြုချက်ကိုဝေမျှရန် စဉ်းစားဆင်ခြင်ပါ။ သင်
သင်ကြားပေးသောသူများကို ကယ်တင်ရှင်၏
မေတ္တာကိုခံစားရန် သူတို့အားကူညီပေးခဲ့သော၊ သူတို့အား
တစ်ဦးချင်းအလိုက်လှုံ့ဆော်ပေးခဲ့သော
ဟောပြောချက်များကိုပြန်လည်ဆန်းစစ်ခြင်း အားဖြင့်
အထွေထွေညီလာခံအတွက်ပြင်ဆင်ရန်ဖိတ်ခေါ်ပါ။

## လူငယ်များ

**အိုအဖ ချီးမွမ်းအစဉ် ပေးသောပုရောဖက်**

ကျွန်တော်တို့ရဲ့ပုရောဖက်
ဥက္ကဋ္ဌသောမက်စ်အက်(စ်)မွန်ဆွန်
ဟာသင့်ကိုမည်ကဲ့သို့ လွှမ်းမိုးခဲ့သလဲ။
သူ့အကြောင်းဘာကိုသင်အမှတ်မိဆုံးဖြစ်မလဲ။
ဤသတင်းစကားတွင် သူမှတ်မိသော
ပုရောဖက်တစ်ဦးချင်းစီ၏လွှမ်းမိုးမှုကို ဖော်ပြထားသကဲ့သို့
ဥက္ကဋ္ဌမွန်ဆွန်နှင့်သူ၏ဘဝအကြောင်းကို
သင်၏နေ့စဉ်မှတ်တမ်းတွင်ရေးဖို့ စဉ်းစားကြည့်ပါ။

သူ့ထံမှသင်၏အနှစ်သက်ဆုံးအဆိုကိုသင်ရွေးချယ်နိုင်ပြီး
သင်မကြာခဏတွေ့နိုင်တဲ့ နေရာတွေဖြစ်တဲ့ ကျောင်းစာအုပ်
သို့မဟုတ် သင့်အခန်းရှိမှတ်စုမှာရေးနိုင်တယ်။
၎င်းမှအဆိုစကားပါရုပ်ပုံကိုတောင် သင်ပြုလုပ်နိုင်ပြီး

သင့်ဖုန်း၏နောက်ခံလည်း ပြုလုပ်နိုင်ပါတယ်။ အဆိုစကားများကိုသင်တွေ့တဲ့အခါတိုင်း အသက်ရှင်သော ပုရောဖက်၏အရေးပါပုံကိုသင်အလေးအနက်ပြန်စဉ်းစားပြီး သူဟာကျွန်တော်တို့ကို ချစ်ကာလမ်းပြပေးဖို့ယနေ့ရှိနေတယ်ဆိုတာသတိရနိုင်တယ်။

**…တွင် “We Thank Thee, O God, for a Prophet” သီချင်းကိုဒေါင်းလုတ်ဆွဲနိုင်တယ်။**

## ကလေးများ

### ခရစ်တော်ထံသို့ကျွန်တော်တို့ကိုလမ်းပြပေးသော ပုရောဖက်များ

ကယ်တင်ရှင်ဟာ ကျွန်တော်တို့ကိုချစ်သောကြောင့် ကျွန်တော်တို့ကို ပုရောဖက်များပေးတယ်။ ပုရောဖက်များနောက်တော်သို့လိုက်လျောက်ခြင်းက အမှန်ကိုရွေးချယ်ဖို့ကျွန်တော်တို့ကိုကူညီတယ်။ ပုရောဖက်နောက်တော်သို့ လိုက်လျောက်ရန် သင်လုပ်နိုင်တဲ့ အရာနှစ်ခုဟာဘာလဲ။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ၉၇၉၂၉ ၀၀၀ အားဘာသာပြန်ထားခြင်း။

# စိတ်နှလုံးတညီတညွတ်တည်း

*ဒီအကြောင်းအရာကိုဆုတောင်းလေ့လာပြီး ဝေမျှရမယ့်အရာကိုသိဖို့ လမ်းညွှန်ချက်အတွက်ရှာဖွေပါ။
လူမှုသက်သာရေးအဖွဲ့ရဲ့ရည်ရွယ်ချက်ကို နားလည်ခြင်းက ဘုရားရဲ့သမီးများကို ထာဝရအသက်ကောင်းကြီး
ရဖို့အတွက် မည်သို့ပြင်ဆင်ပေးမည်နည်း။*

**ယုံကြည်ခြင်း မိသားစု သက်သာမှု**

"သူ တို့သည်တစိတ်တဝမ်း
တည်းဖြစ်ပြီး
ဖြောင့်မတ်စွာနေထိုင်သောကြောင့်
ဘုရားသခင်သည်သူ၏လူများကို
ဇိအုန်သို့ခေါ်ဆောင်ခဲ့သည်။
သူတို့ထဲ၌ဆင်းရဲသောသူမရှိ။" (မောရှေ
၇း၁၈)။ ကျွန်တော်တို့မည်ကဲ့သို့
တစ်လုံးတစ်ဝတည်းဖြစ်မည်နည်း။

တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင်
အယ်လ်ဒါ အမ် ရဆယ် ဘဲလ်လာ့က
"အင်္ဂလိပ်တွေရဲ့နှလုံးသားထဲမှာ
*အပြစ်ဖြေခြင်း* ဆိုတဲ့စကားလုံးဟာ
*တစ်လုံးတစ်ဝတည်း*
ဆိုတဲ့စကားလုံးဖြစ်တယ်။
လူသားအားလုံးဒါကို
နားလည်ခဲ့မယ်ဆိုရင် အသက်အရွယ်၊
လူမျိုး၊ ယောကျ်ားမိန်းမ၊ သာသာတရား
သို့မဟုတ် လူမှုရေး သို့မဟုတ်
စီးပွားရေးအခြေအနေဘာပဲဖြစ်ဖြစ်
ကျွန်တော်တို့စိတ်မပူပေးရမယ့်သူ
ဘယ် တော့မှ ရှိမှာမဟုတ်ဘူး။
ကျွန်တော်တို့ ကယ်တင်ရှင်ကို အတုယူဖို့
ကြိုးစားပြီး ဘယ်တော့မှ ရက်စက်၊
လျစ်လျူရှု၊ ရိုင်းပျ သို့မဟုတ်
အခြားသူများကိုဂရုမစိုက်ခြင်းများ
ပြုလုပ်မှာမဟုတ်ပါဘူး။"၁

ပထမဥက္ကဌအဖွဲ့၏ပထမအတိုင်ပင်ခံ
ဥက္ကဌ ဟင်နရီ ဘီ
အိုင်ရင်းသွန်သင်ခဲ့သည်မှာ
"လူများတွင်ဝိညာဉ်တော်အတူရှိသောနေ
ရာတွင် စိတ်သဘောထားညီညွတ်ခြင်းကို
မျှော်လင့်နိုင်တယ်။
ဘုရားသခင်၏ဝိညာဉ်တော်သည်
ဘယ်တော့မှငြင်းခုံခြင်းကို
ဖြစ်စေမှာမဟုတ်ပါ။ (၃ နီဖိုင်း ၁၁း၂၉
ကိုကြည့်ပါ။)
၎င်းသည်ကိုယ်ပိုင်ငြိမ်သက်ခြင်းနှင့်
အခြားသူများနှင့်အတူ
စည်းလုံးညီညွတ်သည့်
ခံစားချက်ကိုခေါ်ဆောင်ပေးတယ်။"၂

မိသားစုစိန်ခေါ်မှုများအကြောင်းပြောတဲ့အ
ခါ လူမှုသက်သာရေးအသင်း၏
အထွေထွေဥက္ကဌအဖွဲ့တွင်
ပထမအတိုင်ပင်ခံအဖြစ်ထမ်းဆောင်ခဲ့
သည့် ကယ်ရို အမ် စတီဖင်စ်က
"ကျွန်မဟာ လင်မယားကွာရှင်းခြင်း၊
စွန့်ပစ်ခံရခြင်းမှလာတဲ့
ဘေးကင်းမှုမရှိခြင်းနှင့်နာကျင်ခြင်း
သို့မဟုတ်
ကလေးများကိုတစ်ယောက်တည်း
အုပ်ထိန်းရသည့် မိခင်တစ်ယောက်၏
တာဝန်ဝတ္တရားများဖြင့် တစ်ခါမျှ
အသက်မရှင်ခဲ့ရပါဘူး။
ကလေးသေဆုံးခြင်း၊ သားမဖွားခြင်း
သို့မဟုတ် လိင်တူချင်းနှစ်သက်ခြင်း
စတဲ့အတွေ့အကြုံမျိုးမရှိခဲ့ပါဘူး။
အကြမ်းဖက်ခြင်း၊ နာတာရှည်ရောဂါ
သို့မဟုတ်
ဆေးစွဲခြင်းကိုတောင့်ခံရတာမရှိခဲ့ပါဘူး။
ဒီအရာတွေက
ကျွန်မကိုစမ်းသပ်တဲ့အခွင့်ထူးများ
မဟုတ်ခဲ့ပါဘူး။

"သို့သော်
ကျွန်မကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့
စစ်ဆေးခြင်းနှင့် စမ်းသပ်မှုများအားဖြင့်
နားလည်ပေးသောသူနှင့်
ကောင်းစွာသိကျွမ်းခဲ့တယ်။ ဒါ့အပြင်
သမီး၊ အမေ၊ အဖွား၊ ညီအစ်မ၊ အဒေါ်နှင့်
သူငယ်ချင်းတစ်ယောက်၏အမြင်အားဖြင့်
ကျွန်မအထက်က
ဖော်ပြခဲ့တဲ့သင်္ခါရစစ်ဆေးခြင်းများ
အားလုံးကိုတွေ့ကြုံခဲ့တယ်။"

"ဘုရားသခင်၏ပဋိညာဉ်စောင့်ထိန်းသော
သမီးများအဖြစ် ကျွန်မတို့ရဲ့အခွင့်ထူးဟာ
ကျွန်မတို့ရဲ့ကိုယ်တိုင်ကြုံရတဲ့စိန်ခေါ်မှုများ
မှ သင်ယူရန်သာမဟုတ်ပါဘူး။
ဘုရားသခင်၏အခြားသော
မိသားစုဝင်များအားသူတို့ခက်ခဲချိန်များ
တွင်ကျွန်မတို့ ထောက်ပံ့တဲ့အခါ
စာနာခြင်းနှင့်
ကရုဏာဖြင့်စည်းလုံးကြဖို့ဖြစ်တယ်။"၃

### ထပ်၍ပေါင်းထည့်ထားသော ကျမ်းချက်များနှင့်သတင်းအချက်အလက်များ

ယောဟန် ၁၇း၂၀-၂၃၊ ဖေက် ၄း၁၅၊
မိုဖိုင်းယား ၁၈း၂၁-၂၂၊ ၄ နီဖိုင်း ၁း၁၅

### မှတ်ချက်များ

၁။ အမ် ရဆယ် ဘဲလ်လာ့၊
"အပြစ်ဖြေခြင်းနှင့်
ဝိညာဉ်တစ်ခု၏တန်ဖိုး"၊ *လီရာဟိုနာ၊*
မေလ ၂၀၀၄၊ ၈၆။
၂။ ဟင်နရီ ဘီ အိုင်ရင်း၊
"ကျွန်တော်တို့တစ်လုံးတစ်ဝတည်း
ဖြစ်မည်"၊ အင်စိုင်း၊ မေလ ၁၉၉၈၊ ၆၇။
၃။ ကယ်ရို အမ် စတီဖင်စ်၊
"မိသားစုသည်ဘုရားသခင်ပေးသော
အရာဖြစ်သည်။"၊ *လီရာဟိုနာ၊* မေလ
၂၀၁၅၊ ၁၁-၁၂။

**ဒါကိုစဉ်းစားဆင်ခြင်ပါ။**
ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ဖို့
အချင်းချင်းစည်းလုံးညီညွတ်ခြင်းက
ကျွန်တော်တို့ကိုဘယ်လိုကူညီသလဲ။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက်
၆/၁၆၊ ၉၇၉၂၉ ၀၀၀ အားဘာသာပြန်ထားခြင်း။